# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ကောင်စီ
# လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ

**(၁၉၈၅ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃)**

**၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်**

**(၁၉၈၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်)**

**[ ပြင်ဆင် : 17.06.2014, 27.11.2015 ]**

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လမ်း** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သော လမ်းနှင့် ယင်းလမ်း၏ နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏ နယ်နိမိတ်ကို ဆိုသည်။

(ခ) **တံတား** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သော တံတားကိုဆိုသည်။

(ဂ) **ယာဉ်** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သော ယာဉ်ကို ဆိုသည်။

(ဃ) **အသုံးပြုသူ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာသတ်မှတ်သော လမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကိုဆိုသည်။

(င) **အသုံးပြုခြင်း** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(စ) **အသုံးပြုခ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရသည့် အခကြေးငွေကို ဆိုသည်။

(ဆ) **ကြီးကြပ်သူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကို ကြီးကြပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကိုဆိုသည်။

(ဇ) **ကောက်ခံသူ** ဆိုသည်မှာ အသုံးပြုခ ကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

<ပြင်ဆင် 17.06.2014>

Myanmar Law Information System (MLIS)

## အခန်း(၂)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာဖြင့် -

(က) အသုံးပြုခ ကောက်ခံရမည့် လမ်းနှင့် တံတားကို သတ်မှတ်နိုင်သည်။

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထားသတ်မှတ်နိုင်သည်။

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားကို သတ်မှတ်နိုင်သည်။

(ဃ) အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 17.06.2014>

၄။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံရရှိနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၅။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်းသို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရ မည်။

## အခန်း (၃)
## တားမြစ်ချက်

၆။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရ။

၇။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက်ပိုမို ကောက်ခံခြင်းမပြုရ။

## အခန်း(၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈။ အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူက ပေးဆောင်ရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၉။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ် ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 17.06.2014>

Myanmar Law Information System (MLIS)

၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ် ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 17.06.2014>

၁၁။ မည်သူမဆို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 17.06.2014>

## အခန်း(၅)

## အထွေထွေ

၁၂။ အသုံးပြုခ နှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ)လမ်းဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

<ပြင်ဆင် 17.06.2014, 27.11.2015>

၁၄။ The Tolls Act, 1851 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ရန်ကုန်မြို့ ၊ ၁၃၄၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်။

(၁၉၈၅ ခုနှစ် ၊ နိုဝင်ဘာလ ၇ ရက်)

Myanmar Law Information System (MLIS)

လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ
အမိန့်အရ

(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်

ညွှန်ကြားရေးမှူးချုပ်

နိုင်ငံတော်ကောင်စီရုံး၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)